# ဗီအိုင်လီနင်

## ● မာ့က်စ်ဝါဒ၏
## ရေသောက်မြစ် (၃) သွယ်နှင့်
## ပါဝင်ရာအပိုင်း (၃) ရပ်

## ● ကားလ်မာ့က်စ်သင်ကြားချက်၏
## သမိုင်းဆိုင်ရာကံကြမ္မာ

ဤစာအုပ်မှာ

၁၉၅၁ ခုနှစ် နိုင်ငံခြားဘာသာ ထုတ်ဝေရေးဌာန၊ မော်စကိုမြို့မှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော V.I. LENIN << MARX - ENGELS - MARXISM>> စတုတ္ထပုံနှိပ်ခြင်းမှ “THE THREE SOURCES AND THREE COMPONENT PARTS OF MARXISM” နှင့် “THE HISTORICAL DESTINY OF THE DOCTRINE OF KARL MARX” တို့ကို ဗမာဘာသာသို့ ပြန်ဆို ထုတ်ဝေခြင်း ဖြစ်ပါသည်။

ပထမအကြိမ်ပုံနှိပ်ခြင်း။ ။ ၁၉၈၀ – စက်တင်ဘာ။
ဒုတိယအကြိမ်ပုံနှိပ်ခြင်း။ ။ ၂၀၀၇ – ဇန်နဝါရီ။

ဗဟိုဘာသာပြန်ဌာန
ဗမာပြည်ကွန်မြူနစ်ပါတီ

# မာ့က်စ်ဝါဒ၏ ရေသောက်မြစ် (၃)သွယ်နှင့် ပါဝင်ရာ အပိုင်း (၃) ရပ်

မာ့က်စ်၏ သင်ကြားချက်များသည် ယဉ်ကျေးသော ကမ္ဘာတဝှမ်းလုံးတွင် မာ့က်စ်ဝါဒကို "အလွန်အန္တရာယ် ကြီးသောဂိုဏ်း" တမျိုးအဖြစ်ယူဆထားသော နေရှင်ဝိဇ္ဇာပညာရပ် (တရားဝင်နှင့် လစ်ဘရယ်) အားလုံး၏ အလွန်အမင်းရန်မူခြင်းနှင့် မုန်းတီးခြင်းတို့ကို ခံခဲ့ရသည်။ ၎င်းမှတပါး အခြားသော သဘောထားကို မျှော်လင့်၍ မဖြစ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် လူတန်းစားတိုက်ပွဲအပေါ် တည်ဆောက်ထားသော လူ့အဖွဲ့အစည်းအတွင်းတွင် "ဘက်မလိုက်" သည့် လူမှုဝိဇ္ဇာပညာ မရှိနိုင်သောကြောင့်ပင်ဖြစ်၏။ တရားဝင်နှင့် လစ်ဘရယ် ဝိဇ္ဇာပညာရပ် **အားလုံး**သည် လုပ်ခစားကျွန်စနစ်ကို တနည်းနည်းဖြင့် **အကာအကွယ်**ပေးနေသည်။ မာ့က်စ်ဝါဒကမူ ဤလုပ်ခစားကျွန်စနစ်အပေါ် အကြင်နာကင်းစွာ စစ်ကြေညာခဲ့သည်။ လုပ်ခစားကျွန်စနစ် လူ့အဖွဲ့အစည်းအတွင်း ဝိဇ္ဇာပညာကို ဘက်မလိုက်ရန် မျှော်လင့်ခြင်းသည် အရင်းအနှီး၏ အမြတ်အစွန်းကို လျှော့ချပြီး အလုပ်သမားများ၏ လုပ်ခကို တိုးပေးရန်သင့်မသင့်ဟူသော ပြဿနာတွင် အလုပ်ရုံပိုင်ရှင်များက ဘက်မလိုက်ရန် မျှော်လင့်ခြင်းကဲ့သို့ပင် မိုက်မဲ၍ ရယ်ဘွယ်ရာ ကောင်းလေစွ။

သို့သော် ဤမျှနှင့်မပြီးသေးပေ။ အဘိဓမ္မာသမိုင်းနှင့် လူမှုဝိဇ္ဇာပညာသမိုင်းတို့က ပြည့်စုံထင်ရှားစွာ ပြသခဲ့သည်မှာ မာ့က်စ်ဝါဒတွင် "ဂိုဏ်း

ဂဏာဝါဒ'' ဆန်သော အရာဟူ၍ အလျှင်းမပါရှိဘဲ ၎င်းသည် ကမ္ဘာ့ယဉ်ကျေးမှု ဖြစ်ပေါ်တိုးပွားရာ လမ်းမကြီးနှင့်**ကင်းကွာပြီး** ပေါ်ပေါက်လာသော အထီး ကျန်ဖြစ်၍ အသက်မဲ့သော သင်ကြားချက် မဟုတ်ပေ။ ဆန့်ကျင်စွာပင် မာ့က်စ်၏ ဉာဏ်ထက်မြက်မှုကား လူသားတို့၏ ရှေ့တန်းရောက်သော တွေးခေါ်မှုက တင်ပြခဲ့သည့် ပြဿနာများကို ဖြေကြားသည့်အချက်တွင် တည်သည်။ သူ၏သင်ကြားချက်များသည် အဘိဓမ္မာဆရာကြီးများ၊ နိုင်ငံရေး ဘောဂဗေဒနှင့် ဆိုရှယ်လစ်ဝါဒကို ကိုယ်စားပြုသည့် အကြီးမြတ်ဆုံး ပုဂ္ဂိုလ်များ၏ သင်ကြားချက်များ၏ တိုက်ရိုက် **ဆက်လက်မှု**အဖြစ် ပေါ်ထွက် လာခြင်း ဖြစ်သည်။

မာ့က်စ်၏ သင်ကြားချက်သည် အနန္တတန်ခိုးနှင့် ပြည့်စုံသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် မှန်ကန်သောကြောင့်ဖြစ်၏။ ၎င်းသည် ကုံလုံပြည့်စုံ၍ ညီညွတ်သည်။ မည်သည့်အယူသီးမှု၊ ဖောက်ပြန်မှုနှင့်ဖြစ်စေ၊ ခေနရှင်ဖိနှိပ်မှုကို မည်သည့်အကာအကွယ်ပေးမှုနှင့်ဖြစ်စေ မပြေငြိမ်းနိုင်သည့် ပြီးပြည့်စုံသော ကမ္ဘာ့အမြင်တရပ်ကို လူသားတို့ထံ ပေးအပ်ခဲ့ပေသည်။ မာ့က်စ်ဝါဒသည် ၁၉ ရာစုနှစ်အတွင်း လူသားတို့ အကောင်းဆုံး ဖန်တီးခဲ့သော အသွင်ဖြစ်သည့် ဂျာမန်အဘိဓမ္မာ၊ အင်္ဂလိပ်နိုင်ငံရေးဘောဂဗေဒနှင့် ပြင်သစ် ဆိုရှယ်လစ်ဝါဒများ၏ တရားနည်းလမ်းကျသော အမွေဆက်ခံသူ ဖြစ်ပေသည်။

ယခု မာ့က်စ်ဝါဒ၏ ရေသောက်မြစ် (၃) သွယ်နှင့် ၎င်း၏ ပါဝင်ရာ အပိုင်း (၃) ရပ်ကို ကျွန်တော်တို့ အကျဉ်းချုပ်အားဖြင့် ဖော်ပြမည်ဖြစ်၏။

(၁)

မာ့က်စ်ဝါဒ၏ အဘိဓမ္မာသည် **ရုပ်ဝါဒဖြစ်၏**။ ဥရောပ၏ ခေတ်သစ် သမိုင်းတလျှောက်လုံးတွင် အထူးသဖြင့် ၁၈ ရာစုနှစ်အကုန် ပြင်သစ်ပြည်၌ အလယ်ခေတ် အမှိုက်သရိုက်မှန်သမျှကိုလည်းကောင်း၊

လယ်ကျွန်စနစ် အဆောက်အဦးများနှင့် လယ်ကျွန်စနစ် တွေးခေါ်မှုများကို လည်းကောင်း ဆန့်ကျင်သော ယတိပြတ်တိုက်ပွဲတွင် ရုပ်ဝါဒသည် တခုတည်းသော စွဲမြဲခိုင်မာသည့် သဘာဝဝိဇ္ဇာပညာသင်ကြားချက် အားလုံးအပေါ် သစ္စာရှိကြောင်း၊ အယူသီးမှု၊ လိမ်ညာမှု စသည်တို့နှင့် ရန်ဘက်ဖြစ်သော အဘိဓမ္မာဖြစ်ကြောင်း သက်သေထူခဲ့သည်။ ထို့ကြောင့် ဒီမိုကရေစီ၏ ရန်သူများက ရုပ်ဝါဒကို "ချေပ" ဖျက်ဆီးရန်၊ အပုပ်ချရန် အစွမ်းကုန်ကြိုးစားခဲ့ပြီး ဘာသာရေးကို တနည်းနည်းဖြင့် ကာကွယ်ပေးလေ့ရှိသော အဘိဓမ္မာဆိုင်ရာ စိတ်ဝါဒသဏ္ဍာန် အမျိုးမျိုးကို ထောက်ခံအားပေးကြသည်။

မာ့က်စ်နှင့် အိန်ဂယ်တို့သည် အဘိဓမ္မာဆိုင်ရာ ရုပ်ဝါဒကို အလွန်ပြတ်သားစွာ ကာကွယ်ခဲ့ကြသည်။ ထို့ပြင် ဤအခြေခံမှ သွေဖီသွားမှုမှန်သမျှ၏ အလွန်အမင်းကြီးလေးသော အမှားကို အကြိမ်ကြိမ် ရှင်းပြခဲ့သည်။ သူတို့၏ အမြင်များကို အိန်ဂယ်ရေးသားထားသော (လူဝစ်ဖြူးဝါးဘတ်) နှင့် (ဒူးရင်းဆန့်ကျင်ရေး) ကျမ်းများတွင် အရှင်းလင်းဆုံး အပြည့်စုံဆုံး ဖော်ပြထားသည်။ ဤကျမ်းနှစ်စောင်သည် (ကွန်မြူနစ်ကြေညာစာတမ်း) ကဲ့သို့ပင် လူတန်းစား အသိရှိသည့် အလုပ်သမားမှန်သမျှအတွက် လက်စွဲကျမ်းများ ဖြစ်ပေသည်။

သို့သော် မာ့က်စ်သည် ၁၈ ရာစုနှစ်ရှိ ရုပ်ဝါဒတွင် ရပ်တံ့မနေဘဲ အဘိဓမ္မာကို ရှေ့သို့တွန်းတင်လိုက်သည်။ သူသည် ဂျာမန်စံတင်အဘိဓမ္မာ၏ အသီးအပွင့်များ၊ အထူးသဖြင့် ဖြူးဝါးဘတ် ရုပ်ဝါဒသို့ ရောက်ရှိသွားစေသည့် ဟီဂဲလ်စနစ်၏ အသီးအပွင့်များဖြင့် အဘိဓမ္မာအား ကြွယ်ဝစေခဲ့သည်။ ၎င်းတို့အနက် အဓိကအကျဆုံး အသီးအပွင့်မှာ **အနုပဋိလောမ** ဖြစ်သည်။ ၎င်းမှာ အပြည့်စုံဆုံး အနက်ရှိုင်းဆုံး သဏ္ဍာန်ဆောင်ပြီး တဖက်သတ်ကျမှုကင်းစင်သည့် ဖြစ်ပေါ်တိုးပွားမှုဆိုင်ရာ သင်ကြားချက်ဖြစ်သည်။ ၎င်းမှာ ထာဝစဉ် ဖြစ်ပေါ်တိုးပွားနေသော ရုပ်ဝတ္ထုကို ရောင်ပြန်ဟပ်ပြသည့် လူသားတို့၏ အသိပညာသည် နှိုင်းယှဉ်ချက်အရသာ ဖြစ်သည်ဟု ယူဆသော

သင်ကြားချက် ဖြစ်ပေသည်။ ခေရှင်အဘိဓမ္မာဆရာများ၏ ဟောင်းနွမ်းဆွေးမြေ့သော စိတ်ဝါဒသို့ "အသစ်တဖန်" ပြန်လည်သွားရောက်ရေးဆိုသည့် သင်ကြားချက်များ မည်မျှပင်ရှိစေကာမူ သဘာဝ ဝိဇ္ဇာပညာ၏နောက်ဆုံးရှာဖွေ တွေ့ရှိချက်ဖြစ်သော ရေဒီယမ်၊ အီလက်ထရွန်၊ ဓာတ်စင်များပြောင်းလဲမှု စသည်တို့က မာ့က်စ်၏ အနုပဋိလောမရုပ်ဝါဒ မှန်ကန်ကြောင်း ထင်ရှားစွာ သက်သေပြလိုက်သည်။

မာ့က်စ်သည် အဘိဓမ္မာဆိုင်ရာ ရုပ်ဝါဒကို နက်နက်ရှိုင်းရှိုင်း ဖြစ်ပေါ်တိုးပွားစေလိုက်သည်။ ၎င်းကို သဘာဝဆိုင်ရာ သိမြင်မှုမှ လူသားလူ့အဖွဲ့စည်းဆိုင်ရာ သိမြင်မှုအထိ ကျယ်ပြန့်စေခြင်းဖြင့် ကုန်စင်ပြည့်စုံစေခဲ့သည်။ မာ့က်စ်၏ **သမိုင်းရုပ်ဝါဒ**သည် ဝိဇ္ဇာနည်းကျ တွေးခေါ်မှုတွင် အကြီးမားဆုံးသော အောင်မြင်မှု ဖြစ်သည်။ သမိုင်းနှင့် နိုင်ငံရေးအပေါ် ယခင်က လွှမ်းမိုးခဲ့သော အလွန်ပရမ်းပတာဖြစ်ပြီး ထင်ရာဆွဲယူသော အမြင်များနေရာတွင် ထူးခြားစွာ ပြည့်စုံညီညွတ်သော ဝိဇ္ဇာနည်းကျ သဘောတရားက အစားထိုးလိုက်သည်။ ထိုသဘောတရားက ထုတ်လုပ်ရေးအင်အားစု ဖြစ်ပေါ်တိုးပွားလာခြင်းကြောင့် လူမှုဘဝ အဆောက်အဦတရပ်မှ အခြားပိုမိုမြင့်မားသော အဆောက်အဦတရပ်သို့ ဖြစ်ပေါ်တိုးပွားလာခြင်း၊ ဥပမာ – လယ်ကျွန်စနစ်အတွင်းမှ အရင်းရှင်စနစ် ကြီးထွားလာခြင်းကို ညွှန်ပြလိုက်သည်။

လူတို့နှင့် အမှီခိုကင်းစွာ တည်ရှိနေသော သဘာဝ (၎င်းကား ဖြစ်ပေါ်တိုးပွားနေသော ရုပ်ဝတ္ထု) ကို လူတို့၏ သိမြင်မှုက ရောင်ပြန်ဟပ်သည့်နည်းတူ လူတို့၏ **လူ့အဖွဲ့အစည်းဆိုင်ရာသိမြင်မှု** (၎င်းမှာ အဘိဓမ္မာ၊ ဘာသာရေး၊ နိုင်ငံရေး စသည့် လူတို့၏အမြင်နှင့် သင်ကြားချက်အမျိုးမျိုး) သည်လည်း လူ့အဖွဲ့အစည်း၏ **စီးပွားရေးစနစ်**ကို ရောင်ပြန်ဟပ်ထားသည်။ နိုင်ငံရေးစနစ်များသည် စီးပွားရေးအုတ်မြစ်ပေါ်ရှိ အထက်အဆောက်အဦဖြစ်သည်။ ဥပမာ – ခေတ်သစ်ဥရောပနိုင်ငံများရှိ နိုင်ငံရေးစနစ်သဏ္ဌာန်အမျိုးမျိုးတို့သည် ပစ္စည်းမဲ့လူတန်းစားအပေါ် ခေရှင်လူတန်းစားအုပ်စိုးမှု

ခိုင်မာရေးကို အလုပ်အကျွေးပြုနေကြောင်း ကျွန်တော်တို့ တွေ့မြင်ကြရသည်။

မာ့က်စ်အဘိဓမ္မာသည် လူသားများအား အထူးသဖြင့် အလုပ်သမား လူတန်းစားကို စွမ်းအားကြီးမားသော သိမြင်မှုလက်နက်တရပ် ပေးအပ်ခဲ့သည့် ပြည့်စုံသော အဘိဓမ္မာဆိုင်ရာ ရုပ်ဝါဒဖြစ်သည်။

(၂)

စီးပွားရေးစနစ်သည် နိုင်ငံရေးအထက်အဆောက်အဦကို တည်ဆောက်ထားသော အုတ်မြစ်ဖြစ်သည်ဟု ယူဆသည့်အလျောက် မာ့က်စ်သည် ဤစီးပွားရေးစနစ်ကို အထူးအာရုံစိုက်ပြီး လေ့လာခဲ့သည်။ မာ့က်စ်၏ အဓိက ရေးသားချက်ဖြစ်သော [အရင်းကျမ်း] သည် ခေတ်သစ်လူ့အဖွဲ့အစည်း ဆိုလိုသည်မှာ အရင်းရှင် လူ့အဖွဲ့အစည်း၏ စီးပွားရေးစနစ်ကို အထူးလေ့လာထားခြင်း ဖြစ်သည်။

မာ့က်စ်မတိုင်မီ စံတင်နိုင်ငံရေး ဘောဂဗေဒသည် အရင်းရှင်စနစ် အထွန်းကားဆုံး တိုင်းပြည်ဖြစ်သည့် အင်္ဂလန်ပြည်တွင် ဖြစ်တည်လာခဲ့သည်။ အဒမ်စမစ်နှင့် ဒေးဗစ်ရီကာဒိုတို့သည် စီးပွားရေးစနစ်ကို စူးစမ်းလေ့လာခြင်းမှ **အလုပ်တန်ဖိုးသဘောတရား**၏ အခြေခံအုတ်မြစ်ကို ချမှတ်ခဲ့သည်။ သူတို့၏လုပ်ငန်းကို မာ့က်စ်က ဆက်လက်လုပ်ခဲ့သည်။ ဤသဘောတရားကို သူသည် အခိုင်အမာသက်သေထူပြီး ကုန်စင်ပြည့်စုံသည်အထိ ဖြစ်ပေါ် တိုးပွားစေခဲ့သည်။ မည်သည့်ကုန်စည်၏ တန်ဖိုးမဆို အဆိုပါကုန်စည် ထုတ်လုပ်ရာ၌ အသုံးပြုထားသော လူ့အဖွဲ့အစည်းဆိုင်ရာ လိုအပ်သော အလုပ်ချိန် အရေအတွက်က အဆုံးအဖြတ်ပေးသည်ဟု သူက ပြသခဲ့သည်။

ဓနရှင် ဘောဂဗေဒပညာရှင်များ မြင်နေကြသော အရာဝတ္ထုများအကြား ဆက်ဆံရေး (ကုန်စည်ချင်း ဖလှယ်ရေး) ၌ **လူလူချင်းဆက်ဆံရေး**ကို မာ့က်စ်က ထုတ်ဖော်လိုက်သည်။ ကုန်စည်ဖလှယ်ရေးသည် တဦးချင်း ထုတ်လုပ်သူတို့အကြားရှိ ဆက်သွယ်မှုကို ဈေးကွက်မှတဆင့် ဖော်ပြခြင်း

ဖြစ်၏။ အသပြာသည် အဆိုပါဆက်သွယ်မှု ပို၍နီးကပ်လာကြောင်းနှင့် တဦးချင်းထုတ်လုပ်သူတို့၏ စီးပွားရေးဘဝတခုလုံး တလုံးတစည်းတည်းအဖြစ် ခွဲမရအောင် ပေါင်းစည်းလာကြောင်းကို ဖော်ပြလိုက်သည်။ အရင်းအနှီးသည် အဆိုပါဆက်သွယ်မှု ဆက်လက်တိုးပွားကြောင်းကို ဖော်ပြသည်။ ဆိုလိုသည်မှာ လုပ်အားသည် ကုန်စည်ဖြစ်လာသည်။ အခစား အလုပ်သမားသည် မြေယာ၊ အလုပ်ရုံနှင့် အလုပ်ကိရိယာတန်ဆာပလာများ ပိုင်ဆိုင်သူထံသို့ မိမိ၏ လုပ်အားကို ရောင်းစားရသည်။ အလုပ်သမားများသည် မိမိနှင့် မိမိမိသားစု၏ ဘဝတည်တံ့ရေးစားရိတ် (လုပ်ခ) ကို ထေမိစေရန်အလို့ငှာ အလုပ်ချိန်၏ တစိတ်တပိုင်းကို အသုံးပြုရင်း အလုပ်ချိန်၏ ကျန်တစိတ်တပိုင်းကိုမူ အခမဲ့ အလုပ်လုပ်ပေးရသည်။ ဤသို့အားဖြင့် အမြတ်၏ ရေသောက်မြစ်လည်းဖြစ် အရင်းရှင်လူတန်းစား ဥစ္စာဓနေ၏ ရေသောက်မြစ်လည်းဖြစ်သော **အစွန်းထွက်တန်ဖိုး**ကို အရင်းရှင်အတွက် ဖန်တီးပေးလိုက်ပေ၏။

အစွန်းထွက်တန်ဖိုး သင်ကြားချက်သည် မာ့က်စ် စီးပွားရေးသဘောတရား၏ အခြေခံအုတ်မြစ် ဖြစ်သည်။

အလုပ်သမား၏ အလုပ်က ဖန်တီးလိုက်သော အရင်းအနှီးသည် လုပ်ငန်းပိုင်ရှင်ကလေးများကို ဖျက်ဆီးပြီး အလုပ်လက်မဲ့တပ်မတော်ကို ဖန်တီးလိုက်ကာ အလုပ်သမားများကိုပင် ဖိနှိပ်ခဲ့သည်။ စက်မှုလုပ်ငန်းအတွင်းတွင် အကြီးစားထုတ်လုပ်ရေးက အောင်ပွဲခံနေသည်ကို အထင်းသား တွေ့မြင်နိုင်သည်။ ထို့အပြင် လယ်ယာလုပ်ငန်း အတွင်းတွင် အလားတူအခြင်းအရာကိုပင် ကျွန်တော်တို့ တွေ့မြင်ရသည်။ အကြီးစား အရင်းရှင်လယ်ယာလုပ်ငန်း အသာစီးရမှု တိုးပွားလာပြီး စက်ကိရိယာသုံးစွဲမှု တစတစ တိုးများလာသည်နှင့်အမျှ လယ်သမားစီးပွားရေးသည် အသပြာအရင်းအနှီး၏ ကြိုးကွင်းထဲသို့ ကျရောက်သွား၏။ ၎င်းသည် ခေတ်နောက်ကျသော အတတ်ပညာ၏ ဖိစီးမှုအောက်၌ ကျဆင်းပျက်စီးသွား၏။ လယ်ယာတွင် အသေးစားထုတ်လုပ်ရေး

ကျဆင်းနေမှုများသည် သဏ္ဌာန်အမျိုးမျိုး ရှိသော်လည်း ဤကျဆင်းမှုသည်ကား ငြင်းကွယ်၍ မရနိုင်သော အချက်တရပ်ပင်ဖြစ်၏။

အသေးစား ထုတ်လုပ်ရေးကို ဖျက်ဆီးလိုက်ခြင်းဖြင့် အရင်းအနှီးသည် အလုပ်၏ထွက်နှုန်းကို တိုးများစေပြီး အရင်းရှင်ကြီးများ၏ အဖွဲ့အစည်းများအတွက် လက်ဝါးကြီးအုပ် အဆင့်နေရာကို ဖန်တီးခဲ့ပေသည်။ ထုတ်လုပ်ရေးသည်ပင်လျှင် ပို၍ပို၍ လူ့အဖွဲ့အစည်း လက္ခဏာဆောင်လာ၏။ ဆိုလိုသည်မှာ သန်းပေါင်းများစွာသော အလုပ်သမားတို့သည် စနစ်ကျသော စီးပွားရေးအဆောက်အဦတွင် ပေါင်းစည်းလာကြသည်။ သို့စေကာမူ စုပေါင်းအလုပ်၏ အထွက်ပစ္စည်းကို လက်တဆုပ်စာ အရင်းရှင်များက အပိုင်စီးလိုက်ကြသည်။ ထုတ်လုပ်ရေးမင်းမဲ့မှု တိုးပွားလာသကဲ့သို့ ကျပ်တည်းမှုကပ်၊ ဈေးကွက်အတွက် အငမ်းမရ လိုက်လံမှုနှင့် ပြည်သူလူထု၏ ဘဝတည်ရှိမှုကို အာမခံချက် ပေးနိုင်မှုတို့သည်လည်း ကြီးထွားလာသည်။

အရင်းအနှီးအပေါ် အလုပ်သမားတို့၏ မှီခိုမှုကို တိုးများလာစေသည်နှင့် တချိန်တည်းမှာပင် အရင်းရှင်စနစ်သည် ပူးပေါင်းထားသောအလုပ်၏ ကြီးမားသော စွမ်းအားကိုပါ ဖန်တီးနိုင်ခဲ့သည်။

မာ့က်စ်သည် အရင်းရှင်စနစ်၏ ဖြစ်ပေါ်တိုးပွားမှုကို ကုန်စည်စီးပွားရေး၏ ကနဦးအညှောင့်အတက်၊ သာမန်ဖလှယ်ရေးတို့မှ အစချီ၍ ၎င်း၏ အမြင့်ဆုံးသဏ္ဌာန်ဖြစ်သော အကြီးစားထုတ်လုပ်ရေးအထိ စူးစမ်းလေ့လာခဲ့သည်။

အရင်းရှင်တိုင်းပြည် အသစ်နှင့်အဟောင်း အားလုံးရှိ အတွေ့အကြုံက ဤမာ့က်စ်သင်ကြားချက် ပြည့်စုံမှန်ကန်ကြောင်းကို တနှစ်ထက်တနှစ် အရေအတွက်တိုးများလာနေသော အလုပ်သမားတို့အား ရှင်းလင်းစွာ ဖော်ပြနေပေသည်။

အရင်းရှင်စနစ်သည် ကမ္ဘာ့တဝှမ်းလုံးတွင် အောင်ပွဲခံခဲ့ပေပြီ။ သို့ရာတွင် ၎င်းသည် အရင်းအနှီးအပေါ် အလုပ်ကရယူမည့် အောင်ပွဲ၏

ရေ့တော်ပြေးသာလျှင် ဖြစ်ပေသည်။

(၃)

လယ်ကျွန်စနစ်သည် တွန်းလှန်ဖြိုဖျက်ခြင်းခံရပြီး မိုးအောက်မြေပြင်တွင် "လွတ်လပ်သော" အရင်းရှင် လူ့အဖွဲ့အစည်း ပေါ်ပေါက်လာသည်နှင့် တပြိုင်နက် ဤလွတ်လပ်မှုသည် လုပ်သားများအပေါ် ဖိနှိပ်သွေးစုပ်မှုစနစ်သစ်ဖြစ်ကြောင်း ထင်ရှားလာ၏။ ဤဖိနှိပ်မှုကို ရောင်ပြန်ဟပ်ပြ၍ ဤဖိနှိပ်မှုကိုပင် ဆန့်ကျင်ကြောင်း ဖော်ပြသော ဆိုရှယ်လစ်သင်ကြားချက် အမျိုးမျိုးသည် မဆိုင်းမတွ ပေါ်ပေါက်လာကြ၏။ သို့စေကာမူ ကနဦးဆိုရှယ်လစ်ဝါဒသည် **စိတ်ကူးယဉ်** ဆိုရှယ်လစ်ဝါဒဖြစ်၏။ ဤဆိုရှယ်လစ်ဝါဒက အရင်းရှင် လူ့အဖွဲ့အစည်းကို ဝေဖန်ခဲ့သည်။ ပြစ်တင်ရှုံ့ချခဲ့သည်။ ကျိန်ဆဲခဲ့သည်။ အရင်းရှင် လူ့အဖွဲ့အစည်း ကျဆုံးပျက်စီးရေးကို အိပ်မက်မက်ခဲ့ကြသည်။ ပိုမိုကောင်းမွန်သော စနစ်တရပ် ပေါ်ပေါက်လာရေးကို စိတ်ကူးယဉ်ခဲ့ကြသည်။ သွေးစုပ်ခြင်းသည် လူ့ကျင့်ဝတ်နှင့် မကိုက်ညီကြောင်းကို လူချမ်းသာတို့အား ဖျောင်းဖျပြောဆိုခဲ့သည်။

သို့သော် ဤစိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒသည် စစ်မှန်သော ထွက်ရပ်လမ်းကို မညွှန်ပြနိုင်ခဲ့ချေ။ အဆိုပါ ဆိုရှယ်လစ်ဝါဒသည် အရင်းရှင်စနစ်အောက်ရှိ အခစားကျွန်စနစ်၏ အနှစ်သာရကိုလည်း ရှင်းမပြနိုင်၊ အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားမှု တရားကိုလည်း မဖော်ထုတ်နိုင် လူ့အဖွဲ့အစည်းသစ်ကို ဖန်တီးနိုင်စွမ်းရှိသော **လူမှုအင်အားစု**ကိုလည်း ရှာမတွေ့နိုင်ခဲ့ကြပေ။

သို့ရာတွင် ဥရောပနေရာအနှံ့အပြား အထူးသဖြင့် ပြင်သစ်ပြည်၌ ပဒေသရာဇ်စနစ်၊ လယ်ကျွန်စနစ် ပျက်စီးယိုယွင်းနေမှုနှင့်အတူ ပေါ်ထွက်လာသော တော်လှန်ရေးမုန်တိုင်းများက လူတန်းစား တိုက်ပွဲသည် ဖြစ်ပေါ်တိုးပွားမှုတရပ်လုံး၏ အုတ်မြစ်နှင့် တွန်းအားဖြစ်ကြောင်း ပို၍ပို၍ ထင်ရှားစွာ

ဖွင့်လှစ်ပြသလျက်ရှိ၏။

လယ်ကျွန်ပိုင်ရှင် လူတန်းစားအပေါ် အနိုင်ရရှိခဲ့သော နိုင်ငံရေး လွတ်လပ်မှု အောင်ပွဲတိုင်းတွင် အသေအလဲ ခုခံမှုနှင့် မတွေ့ကြုံရသော အောင်ပွဲဟူ၍ မရှိခဲ့ဖူးချေ။ အရင်းရှင်တိုင်းပြည်တိုင်းတွင် အရင်းရှင်လူ့အဖွဲ့ အစည်း၏ လူတန်းစားအသီးသီးကြား၌ သေရေးရှင်ရေး တိုက်ပွဲမရှိဘဲ အနည်းနှင့်အများ လွတ်လပ်ပြီး ဒီမိုကရေစီအခြေခံပေါ်တွင် တည်ဆောက်ထားသော တိုင်းပြည်ဟူ၍ မရှိခဲ့ဖူးချေ။ မာ့က်စ်၏ ဉာဏ်ထက်မြက်မှုမှာ သူသည် ကမ္ဘာ့သမိုင်းက ညွှန်ပြခဲ့သော နိဂုံးချုပ်ချက်ကို အခြားသူများထက် စောစွာ ထုတ်နုတ်နိုင်ခဲ့ခြင်းနှင့် ဤနိဂုံးချုပ်ချက်ကို စွဲမြဲစွာကျင့်သုံးနိုင်ခဲ့ခြင်း ဟူသည့် အချက်ပေါ်တွင် တည်သည်။ ဤနိဂုံးချုပ်ချက်သည် **လူတန်းစား တိုက်ပွဲ** သင်ကြားချက်ပင် ဖြစ်သည်။

လူတို့သည် ကျင့်ဝတ်တရား၊ ဘာသာရေး၊ နိုင်ငံရေးနှင့် လူမှုရေး အသုံးအနှုန်းများ၊ ကြေညာချက်များ၊ ကတိခံဝန်ချက်များအားလုံး၏ နောက်ကွယ်တွင်ရှိနေသော လူတန်းစားတရပ် သို့မဟုတ် အခြားလူတန်းစား တရပ်ရပ်၏ **အကျိုးစီးပွား**ကို မဖော်ထုတ်နိုင်သမျှကာလပတ်လုံး နိုင်ငံရေး တွင် လိမ်လည်ခြင်းတို့၏ မိုက်မဲသည့် သားကောင် ဖြစ်မြဲဖြစ်နေပေလိမ့်မည်။ မည်မျှပင် ရိုင်းစိုင်းကြမ်းကြုတ်၍ ပုပ်သိုးဆွေးမြေ့ဟန်ရှိသည့် စနစ်ဟောင်းပင် ဖြစ်ပါစေ အချို့သော အုပ်စိုးသူလူတန်းစား တရပ်ရပ်၏ အင်အားစုများက ထိန်းသိမ်းထားကြောင်းကို သဘောမပေါက်သမျှ ကာလပတ်လုံး ပြုပြင်ရေးနှင့် ကောင်းမွန်လာရေး ဘက်တော်သားများသည် စနစ်ဟောင်းကို ကာကွယ် နေကြသော သူများ၏ လိမ်လည်လှည့်ဖျားခြင်းကို ခံမြဲခံနေရလိမ့်မည်။ ဤ လူတန်းစားများ၏ ခုခံမှုကို တိုက်ဖျက်လိုပါက **နည်းတနည်း**သာလျှင်ရှိသည်။ ၎င်းမှာ တိုက်ပွဲဆင်ရန်အတွက် ကျွန်တော်တို့ပတ်ဝန်းကျင်ရှိ လူ့အဖွဲ့အစည်း အတွင်းမှ အင်အားစုတရပ်ကို ရှာဖွေပြီး တိုက်ပွဲဝင်ရေးအတွက် ပညာပေး စည်းရုံးရမည်ဖြစ်၏။ ထိုအင်အားစုသည် မိမိ၏ လူမှုအဆင့်နေရာအရ

စနစ်ဟောင်းကို သုတ်သင်ရှင်းလင်းပြီး စနစ်သစ်ကို ဖန်တီးနိုင်စွမ်းရှိသည့် ဖန်လည်းဖန်တီးရမည့် အင်အားစု ဖြစ်ရပေမည်။

မာ့က်စ်၏ အဘိဓမ္မာဆိုင်ရာ ရုပ်ဝါဒကသာလျှင် ပစ္စည်းမဲ့လူတန်းစား အဖိနှိပ်ခံလူတန်းစားအားလုံး ယနေ့တိုင် စိတ်ဓာတ်အရ ကျွန်ပြုခံရခြင်းမှ ထွက်ရပ်လမ်းကြောင်းကို ညွှန်ပြသည်။ မာ့က်စ်၏ စီးပွားရေးသဘောတရားကသာလျှင် အရင်းရှင်စနစ်တရပ်လုံး အတွင်းရှိ ပစ္စည်းမဲ့လူတန်းစား၏ အဆင့်နေရာမှန်ကို ရှင်းပြသည်။

ပစ္စည်းမဲ့တို့၏ အမှီခိုကင်းသော အဖွဲ့အစည်းများသည် အမေရိကန်မှ ဂျပန်၊ ဆွီဒင်မှ တောင်အာဖရိကအထိ တကမ္ဘာလုံး၌ ဆထက်ထမ်းပိုး တိုးများနေသည်။ ပစ္စည်းမဲ့လူတန်းစားသည် လူတန်းစားတိုက်ပွဲကို ဆင်နွှဲခြင်းအားဖြင့် အသိပညာပွင့်လင်းမှု၊ ပညာပေးမှုရရှိခဲ့ကြပြီး ဓနရှင်လူ့အဖွဲ့အစည်း အစွဲအလမ်းများမှ အလွတ်ရုန်းထွက်နေ၏။ ၎င်းသည် မိမိတပ်ဖွဲ့ကို တနေ့တခြား သိပ်သည်းစွာ စုရုံးပြီး မိမိ၏ အောင်မြင်မှုများအားမည်သို့မည်ပုံ အကဲဖြတ်ရမည်ကို သင်ယူနေသည်။ မိမိ၏ အင်အားစုများကိုထုသားပေသား ရရှိစေပြီး တားဆီးမရနိုင်သော အရှိန်အဟုန်ဖြင့် ကြီးထွားနေပေသတည်း။ ။

၁၉၁၃ ခု၊ မတ်လ။

# ကားလ် မာ့က်စ် သင်ကြားချက်၏ သမိုင်းဆိုင်ရာ ကံကြမ္မာ*

မာ့က်စ်သင်ကြားချက်၏ အဓိကအရာမှာ ဆိုရှယ်လစ် လူ့အဖွဲ့အစည်းကို တည်ဆောက်သူအဖြစ် ပစ္စည်းမဲ့လူတန်းစား၏ သမိုင်းဆိုင်ရာ အခန်းကို ရှင်းလင်းပြသချက်ပင် ဖြစ်ပေသည်။ ဤသင်ကြားချက်ကို မာ့က်စ်က ရှင်းလင်းတင်ပြပြီးသည့် နောက်ပိုင်းတွင် ကမ္ဘာအရပ်ရပ်ရှိ ဖြစ်ရပ်များ၏ တိုးတက်မှုက သက်သေပြလိုက်ပါသလား။

ဤသင်ကြားချက်ကို မာ့က်စ်က ၁၈၄၄ ခုနှစ်တွင် ပထမဆုံး တင်ပြခဲ့သည်။ ၁၈၄၈ ခုနှစ်က ထုတ်ဝေခဲ့သော မာ့က်စ်၊ အိန်ဂယ်တို့၏ [ကွန်မြူနစ်ကြေညာစာတမ်း] ထဲတွင် ဤသင်ကြားချက်ကို ပြည့်စုံသည့်၊ စနစ်ကျသည့်၊ ယနေ့ထက်တိုင် အကောင်းဆုံးအဖြစ် တည်ရှိနေသည့် ရှင်းလင်းချက်ဖြင့် ဖော်ပြပြီးလေပြီ။ ဤအချိန်မှစပြီး ကမ္ဘာ့သမိုင်းသည် အဓိက ကာလ ၃ ခု အဖြစ် ရှင်းလင်းစွာ ကွဲပြားသွားသည်။ (၁) ၁၈၄၈ ခုနှစ် တော်လှန်ရေးမှ ပါရစ်ဘုံအဖွဲ့ (၁၈၇၁ ခုနှစ်) အထိ။ (၂) ပါရစ်ဘုံအဖွဲ့မှ ရုရှားတော်လှန်ရေး

* ဤဆောင်းပါးကို ကားလ်မာ့က်စ် ကွယ်လွန်သည့် အနှစ် ၃၀ မြောက်နေ့ကို အထိမ်းအမှတ်ပြု၍ ရေးသားခဲ့ခြင်း ဖြစ်သည်။ ၁၉၁၃ ခုနှစ် မတ်လ ၁ ရက်နေ့ထုတ် "ပရာဗဒါး" သတင်းစာအမှတ် ၅၀ တွင် ထည့်သွင်းဖော်ပြသည်။

(၁၉၀၅ ခုနှစ်) အထိ။ (၃) ရုရှားတော်လှန်ရေးမှ နောက်ပိုင်းတို့ ဖြစ်ပါသည်။

ဝင်းကာလအသီးသီးရှိ မာ့က်စ်သင်ကြားချက်၏ ကံကြမ္မာကို ဆန်းစစ်ကြည့်ရှုကြပါစို့။

(၁)

ပထမကာလ၏ အစပိုင်း၌ မာ့က်စ်သင်ကြားချက်သည် မည်သည့် နည်းနှင့်မျှ လွှမ်းမိုးသည့် အဆင့်နေရာသို့ မရောက်ရှိသေးပေ။ ၎င်းသည် အလွန်များပြားလှသော ဆိုရှယ်လစ်ဝါဒဂိုဏ်း သို့မဟုတ် တိမ်းညွှတ်မှုများထဲမှ တခုအဖြစ်သာ ရှိနေသေးသည်။ လွှမ်းမိုးထားသည်ကား ကျွန်တော်တို့ဆီမှ နရောနစ်ဝါဒနှင့် အခြေခံအားဖြင့် တူညီသော ဆိုရှယ်လစ်ဝါဒသဏ္ဌာန်များ ဖြစ်သည်။ ၎င်းတို့သည် သမိုင်းလှုပ်ရှားမှု၏ ရုပ်ဝါဒအခြေခံကို နားမလည် ကြချေ။ အရင်းရှင်လူ့အဖွဲ့အစည်းရှိ လူတန်းစားအသီးသီး၏ အခန်းနှင့် အဓိပ္ပာယ်ကို မခွဲခြားနိုင်ဘဲ "ပြည်သူ"၊ "တရားမျှတမှု"၊ "အခွင့်အရေး" စသည့် အတုအယောင် ဆိုရှယ်လစ်စကားလုံး အမျိုးမျိုးနှင့် ဒီမိုကရေစီ ပြုပြင် ရေး၏ ဓနရှင်အနှစ်သာရကို ဖုံးကွယ်ထားကြသည်။

၁၈၄၈ ခုနှစ် တော်လှန်ရေးက အော်ကြီးဟစ်ကျယ် လုပ်နေသော ရောင်စုံရှိသည့် မာ့က်စ် **မတိုင်မီ** ဆိုရှယ်လစ်ဝါဒသဏ္ဌာန်များကို နာလန် မထူနိုင်အောင် ထိုးနှက်ပစ်လိုက်သည်။ တော်လှန်ရေးက တိုင်းပြည်အားလုံးမှ လူ့အဖွဲ့အစည်းရှိ လူတန်းစားအသီးသီးကို ၎င်းတို့၏ **ပြုမူလှုပ်ရှားချက်ဖြင့်** ဇာတိရုပ်များ ပွင့်ကျသွားစေသည်။ ၁၈၄၈ ခုနှစ် ဇွန်လ ပါရစ်အရေးအခင်း အတွင်း သမ္မတဂိုဏ်း ဓနရှင်လူတန်းစားက အလုပ်သမားများကို ပစ်သတ် ခဲ့ခြင်းက ပစ္စည်းမဲ့လူတန်းစား **တခုတည်းသာ** ဆိုရှယ်လစ်လက္ခဏာရှိသည် ဆိုသည့်အချက်ကို နောက်ဆုံး အခိုင်အမာ ပြုလိုက်သည်။ ထိုလူတန်းစား၏ အမိန့်ကို လစ်ဘရယ် ဓနရှင်လူတန်းစားသည် မည်သည့် ဖောက်ပြန်ရေး မျိုးထက်မဆို အဆတရာပို၍ ကြောက်ရွံ့ကြသည်။ သူရဲဘောကြောင်သော

လစ်ဘရယ်များသည် ဖောက်ပြန်ရေး၏ ရှေ့မှောက်တွင် ခယဝပ်တွားနေကြသည်။ လယ်သမားများသည် ပဒေသရာဇ် အကြွင်းအကျန်များကို ဖျက်သိမ်းပစ်ခြင်းအား ကျေနပ်နှစ်သိမ့်ကာ စနစ်တကျဖြစ်ရေးဘက်သို့ ကူးပြောင်းသွားကြသည်။ ၎င်းတို့သည် အလုပ်သမားဒီမိုကရေစီနှင့် ဓနရှင် လစ်ဘရယ်ဝါဒ အကြားတွင် တခါတရံ တွေဝေယိမ်းယိုင်တတ်ကြခြင်းသာ ရှိသည်။ လူတန်းစားနှင့် မဆိုင်သော ဆိုရှယ်လစ်ဝါဒနှင့် လူတန်းစားနှင့် မဆိုင်သော နိုင်ငံရေးဆိုင်ရာ သင်ကြားချက်မှန်သမျှမှာ မဟုတ်မဟတ် ပြောနေခြင်းသာဖြစ်ကြောင်း သက်သေပြလိုက်သည်။

ပါရစ်ဘုံအဖွဲ့ (၁၈၇၁ ခုနှစ်) က ၎င်းဓနရှင် ပြုပြင်ရေး ဖြစ်ပေါ်တိုးပွားမှုကို ပြီးဆုံးစေလိုက်သည်။ သမ္မတနိုင်ငံ ဆိုလိုသည်မှာ လူတန်းစားဆက်ဆံရေးများကို ပြောင်အကျဆုံးသဏ္ဍာန်နှင့် ဖော်ပြထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ သဏ္ဍာန်၏ တောင့်တင်းခိုင်မာမှုမှာ ပစ္စည်းမဲ့လူတန်းစား၏ ရဲရင့်မှုကြောင့်သာ ဖြစ်ပေသည်။

ဥရောပတိုက်ရှိ တခြားတိုင်းပြည်အားလုံးမှ ပိုမိုရှုပ်ထွေးသော၊ မပြည့်စုံသေးသော ဖြစ်ပေါ်တိုးပွားမှုသည်လည်း အလားတူတိကျစွာ ဖွဲ့တည်လာသည့် ဓနရှင်လူ့အဖွဲ့အစည်းဆီသို့ ရောက်ရှိသွားစေသည်။ မုန်တိုင်းများနှင့် တော်လှန်ရေးကာလဖြစ်သည့် ပထမကာလ (၁၈၄၈ ခုနှစ်မှ ၁၈၇၁ ခုနှစ် အထိ) ၏ အကုန်ပိုင်းတွင် မာ့က်စ်မတိုင်မီ ဆိုရှယ်လစ်ဝါဒမှာ **ဇာတ်သိမ်းသွားလေပြီ။** အမှီခိုကင်းသည့် **ပစ္စည်းမဲ့လူတန်းစား** ပါတီများဖြစ်ကြသော ပထမအင်တာနေရှင်နယ် (၁၈၆၄ ခုနှစ်မှ ၁၈၇၁ ခုနှစ်အထိ) နှင့် ဂျာမန် ဆိုရှယ်ဒီမိုကရက်တစ် ပါတီတို့ ပေါက်ဖွားလာကြသည်။

(၂)

ဒုတိယကာလပိုင်း (၁၈၇၂ ခုနှစ်မှ ၁၉၀၄ ခုနှစ်အထိ) နှင့် ပထမကာလပိုင်းတို့၏ ခြားနားချက်မှာ "ငြိမ်းချမ်းသော" လက္ခဏာနှင့် တော်လှန်

ရေးများ မဖြစ်ပွားခြင်းပင် ဖြစ်သည်။ အနောက်တိုင်း၏ ဓနရှင်တော်လှန်ရေးများသည် ပြီးဆုံးခဲ့လေပြီ။ အရှေ့တိုင်းမှာမူ ဤကဲ့သို့သော တော်လှန်ရေးများ ရင့်မှည့်မလာသေးပေ။

အနောက်တိုင်းမှာ အနာဂတ်အပြောင်းအလဲ ကာလအတွက် "ငြိမ်းချမ်းစွာ" ပြင်ဆင်ရေးအဆင့်သို့ ဝင်ရောက်လာသည်။ အခြေခံအားဖြင့် ပစ္စည်းမဲ့ဖြစ်သော ဆိုရှယ်လစ်ဝါဒပါတီများ နေရာအနှံ့ပေါ်ထွက်လာသည်။ ၎င်းတို့သည် ဓနရှင်ပါလီမန်စနစ်ကို အသုံးပြုရန်သော်လည်းကောင်း၊ မိမိတို့၏ နေ့စဉ်သတင်းစာ၊ ပညာရေးဌာန၊ အလုပ်သမားသမဂ္ဂများနှင့် သမဝါယမများ တည်ထောင်ရန်သော်လည်းကောင်း သင်ယူလာကြသည်။ မာ့က်စ်သင်ကြားချက်သည် လုံးဝအောင်မြင်မှုရကာ ကျယ်ပြန့်စွာ **ပြန့်နှံ့လာသည်။** ပစ္စည်းမဲ့လူတန်းစား အင်အားစုများကို ရွေးချယ်စုစည်းမှုနှင့် ပစ္စည်းမဲ့လူတန်းစား၏ နောင်လာမည့်တိုက်ပွဲ ပြင်ဆင်မှုဖြစ်စဉ်သည် ဖြည်းညှင်းစေကာမူ ရှေ့သို့မှန်မှန် တက်လှမ်းနေသည်။

မာ့က်စ်ဝါဒ၏ သဘောတရားအောင်ပွဲကြောင့် ၎င်း၏ ရန်သူများသည် မာ့က်စ်ဝါဒီအဖြစ် **အရေခြုံ**လိုက်ကြရတော့သည်။ ဤသည်ကား သမိုင်း၏ အနုပဋိလောမပင် ဖြစ်သည်။ အတွင်း၌ လှိုက်စားနေသော လစ်ဘရယ်ဝါဒသည် ဆိုရှယ်လစ် **အချောင်ဝါဒ** အသွင်နှင့် ပြန်လည်အသက်သွင်းရန် ကြိုးစားကြသည်။ အချောင်သမားများသည် ကြီးမြတ်သော တိုက်ပွဲများအတွက် အင်အားစုဆောင်းနေသည့် ကာလကို ၎င်းတိုက်ပွဲများအား စွန့်ပယ်ခြင်းအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ အခစားကျွန်စနစ်ကို ဆန့်ကျင်သည့် တိုက်ပွဲအတွက် ကျေးကျွန်များ၏ အခြေအနေကောင်းမွန်လာအောင် လုပ်ခြင်းအား ကျေးကျွန်များသည် သူတို့၏ လွတ်လပ်ခွင့်ကို ပိုက်ဆံ ၅ ပြားနှင့် ရောင်းစားလိုက်ခြင်း ဖြစ်သည်ဟု ပြောကြသည်။ "လူ့အဖွဲ့အစည်းငြိမ်းချမ်းရေး"၊ ဆိုလိုသည်မှာ ကျေးကျွန်ပိုင်ရှင်စနစ်နှင့် ငြိမ်းချမ်းရေး၊ လူတန်းစားတိုက်ပွဲ စွန့်လွှတ်ရေးစသည်တို့ကို ၎င်းတို့က ကြောက်ကြောက်ရွံ့ရွံ့

ဟောပြောကြသည်။ ပါလီမန်ထဲမှ ဆိုရှယ်လစ်အမတ်များ၊ အလုပ်သမား လှုပ်ရှားမှုအတွင်းရှိ အာဏာပိုင်အမျိုးမျိုးနှင့် "စာနာစိတ်ရှိသော" ပညာ တတ်များအကြားတွင် ၎င်းတို့အား ကြည်ညိုသူ အများအပြား ရှိပေသည်။

(၃)

အချောင်သမားများက "လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေး" ကို ချီးကျူးခန်းဖွင့်၍ "ဒီမိုကရေစီ" အောက်မှာ မုန်တိုင်းဆင်ရန် မလိုတော့ဟု ပြောမပြီးမီတွင် ကမ္ဘာ့မုန်တိုင်းကြီး၏ သစ်လွင်သော အစပြုချက်သည် အာရှ တိုက်၌ ပေါ်ထွက်လာသည်။ ရုရှားတော်လှန်ရေးပြီးသည့် နောက်တွင် တူရကီပြည်၊ ပါရှားပြည်နှင့် တရုတ်ပြည်တော်လှန်ရေးများ ဖြစ်လာကြသည်။ ကျွန်တော်တို့ ရောက်ရှိနေသည်မှာ ဤသို့မုန်တိုင်းများ ဆင်နေသော ကာလ နှင့် ၎င်းမုန်တိုင်းများက ဥရောပတိုက်ကို "တုံ့ပြန်ရိုက်ခတ်သော" ကာလ ပင်ဖြစ်သည်။ "ယဉ်ကျေးသော" ဝံပုလွေအမျိုးမျိုးက အံတကြိတ်ကြိတ် ဖြစ်နေသော ကြီးမြတ်သည့် တရုတ်သမ္မတနိုင်ငံ၏ ကံကြမ္မာမည်သို့ပင်ရှိစေ ကမ္ဘာပေါ်ရှိ မည်သည့် အင်အားကမှ ဟောင်းနွမ်းသည့် လယ်ကျွန်စနစ်ကို အာရှတိုက်တွင် ပြန်လည်ထူထောင် နိုင်လိမ့်မည် မဟုတ်။ အာရှနှင့် အာရှ တပိုင်းတိုင်းပြည်များမှ ပြည်သူလူထု၏ ရဲရင့်သော ဒီမိုကရေစီရေးကို သုတ်သင် ရှင်းလင်းနိုင်လိမ့်မည်လည်း မဟုတ်ပေ။

လူထုတိုက်ပွဲ ပြင်ဆင်မှုနှင့် တိုးတက်မှုအခြေအနေများကို သတိ မမူမိကြသည့် လူအချို့သည် ဥရောပတိုက်၏ အရင်းရှင်စနစ် ဆန့်ကျင်သော အဆုံးအဖြတ်တိုက်ပွဲ အချိန်ရှည်ကြာနေသည်ကို တွေ့မြင်ပြီး စိတ်ပျက်ခြင်းနှင့် မင်းမဲ့ဝါဒဘက်သို့ ရောက်ကုန်ကြသည်။ ဤမင်းမဲ့ဝါဒ၏ စိတ်ပျက်မှု မည်မျှ အမြင်တို၍ မည်မျှသူရဲဘောကြောင်သည်ဆိုသည်ကို ယခု ကျွန်တော်တို့ တွေ့မြင်နိုင်ပါပြီ။

ဥရောပ စိတ်ကူးစံနှင့်တူသော တိုက်ပွဲထဲသို့ အာရှတိုက်မှ သန်း

ပေါင်း ၈၀၀ ရှိသော ပြည်သူများ ပါဝင်လာကြသည့် ဖြစ်ရပ်သည် ကျွန်တော် တို့အတွက် စိတ်ပျက်စရာမဟုတ်၊ သတ္တိရှိလာစရာသာ ဖြစ်သည်။

အာရှတိုက် တော်လှန်ရေးများက လစ်ဘရယ်ဝါဒ၏ ပျော့ညံ့မှုနှင့် သိမ်ဖျင်းမှုကိုလည်းကောင်း၊ ဒီမိုကရေစီလူထု၏ အမှီခိုကင်းစွာ လှုပ်ရှားမှု၏ ထူးခြားသော အရေးပါမှုကိုလည်းကောင်း၊ ပစ္စည်းမဲ့လူတန်းစားနှင့် ဓနရှင် လူတန်းစားမျိုးစုံ အကြားရှိ ပြတ်သားသော စည်းကြောင်းကိုလည်းကောင်း အလားတူပင် ပြသလိုက်ပေသည်။ ဥရောပတိုက်နှင့် အာရှတိုက် အတွေ့ အကြုံများကို ရရှိပြီးသည့်နောက်တွင် လူတန်းစားနှင့် **မဆိုင်သော** နိုင်ငံရေး၊ လူတန်းစားနှင့် **မဆိုင်သော** ဆိုရှယ်လစ်ဝါဒ အကြောင်းပြောသူ မည်သူကို မဆို လှောင်အိမ်ထဲ၌ ထည့်ထား၍ သြစတြေးလျား သားပိုက်ကောင်နှင့်အတူ ပြသထားရန်သာ ရှိတော့သည်။

ဥရောပတိုက်သည် အာရှတိုက်၏ နောက်မှာ လူးလွန့်လှုပ်ရှား လာသည်။ သို့သော် အာရှပုံစံအတိုင်း မဟုတ်ပေ။ ၁၈၇၂ ခုနှစ်မှ ၁၉၀၄ ခုနှစ်အထိ "ငြိမ်းချမ်းသော" ကာလသည် ပြန်မလာစတမ်း ကုန်လွန်သွား လေပြီ။ နေထိုင်မှုစရိတ် ကြီးမြင့်မှုနှင့် ထရပ်စ်အဖွဲ့များ၏ ဖိနှိပ်မှုကြောင့် မကြုံစဖူးပြင်းထန်သော စီးပွားရေးတိုက်ပွဲများ ပေါ်ထွက်လာသည်။ လစ်ဘရယ် ဝါဒ၏ လိုက်စားထားခြင်းကို အများဆုံးခံရသော အင်္ဂလိပ်အလုပ်သမားများ သည်ပင် ဤတိုက်ပွဲထဲသို့ ပါဝင်လာကြသည်။ "ခေါင်းအမာ" ဆုံး ဓနရှင် လူတန်းစား မြေရှင်များ၏ တိုင်းပြည်ဖြစ်သော ဂျာမဏီတွင်ပင် နိုင်ငံရေး အကျပ်အတည်း ရင့်မှည့်လာနေသည်ကို ကျွန်တော်တို့ တွေ့မြင်နေရသည်။ သွေးရူးသွေးတန်း လက်နက်တပ်ဆင်မှုနှင့် နယ်ချဲ့ဝါဒ ပေါ်လစီတို့က ခေတ်သစ် ဥရောပတိုက်ကို ယမ်းအိုးကြီးနှင့် ပိုပြီးတူသော "လူ့အဖွဲ့အစည်း ငြိမ်းချမ်း ရေး" ဆီသို့ ပို့ဆောင်ပေးလိုက်သည်။ တချိန်တည်းမှာပင် ဓနရှင်ပါတီ **အားလုံး၏** ပျက်စီးယိုယွင်းမှုနှင့် ပစ္စည်းမဲ့လူတန်းစား၏ ရင့်ကျက်လာမှုတို့ သည် မှန်မှန်ကြီး တိုးပွားလျက်ရှိသည်။

မဉ္ဇက်စ်ဝါဒ ပေါ်ထွက်လာပြီးသည့်နောက် ကမ္ဘာ့သမိုင်း၏ ကာလကြီး ၃ ခုစလုံးတွင် မဉ္ဇက်စ်ဝါဒသည် သက်သေပြချက်သစ်များနှင့် အောင်မြင်မှုသစ်များ ရရှိလာခဲ့ပြီ ဖြစ်သည်။ မကြာမီဆိုက်ရောက်လာတော့မည့် သမိုင်းကာလတွင် ပစ္စည်းမဲ့လူတန်းစား၏ သင်ကြားချက်ဖြစ်သော မဉ္ဇက်စ်ဝါဒအား ပိုမိုကြီးမားသည့် အောင်မြင်မှုများက စောင့်ကြိုနေပေသည်။ ။

၁၉၁၃ ခု၊ မတ်လ ၁ ရက်။